# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (July 01 - 07, 2024)

### ဇူလိုင်လ ပထမအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံအနှံ့အပြားတွင် အကြမ်းဖက်စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ် တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၄၆ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၁ ဦးနှင့် အမျိုးသမီး ၈ ဦး ပါဝင်ပါသည်။
- ရှမ်းပြည်နယ်တောင်ပိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၂၆ ဦး သေဆုံးခဲ့ပါသည်။ မန္တလေးတိုင်းတွင် ၇ ဦး၊ တနင်္သာရီတိုင်းတွင် ၄ ဦး၊ စစ်ကိုင်းတိုင်း နှင့် ပဲခူးတိုင်းတွင် ၂ ဦးစီ၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ၁ ဦးစီတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၃၈ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ တူရင်းဘို့ရွာကို စစ်ကောင်စီတပ်က ဇူလိုင်လ ၄ ရက်နေ့မှာ စီးနင်း ဝင်ရောက်ခဲ့ပြီး **နေအိမ် ၁၂ လုံး**ကို မီးရှို့ဖျက်ဆီးခဲ့ပါတယ်။

- ရှမ်းပြည်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်၊ နားခိုက်ကျေးရွာကို အကြမ်းဖက်စစ်ကောင်စီ လက်အောက်ခံ PNO ပြည်သူ့စစ်အဖွဲ့က ဇူလိုင် ၆ ရက်မှာ ဝင်ရောက်ပြီး မီးရှို့ဖျက်ဆီးမှု ပြုလုပ်ခဲ့ရာ **နေအိမ် ၆ လုံး** ထက်မနည်း မီးလောင်ခဲ့ပါသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့လယ်၌ရှိသော One Love ဟိုတယ်သို့ ဇွန် ၃၀ ရက် ညပိုင်းတွင် စစ်ကောင်စီက လေကြောင်းဖြင့် ဗုံးကြဲခဲ့သောကြောင့် ဟိုတယ်အပါအဝင်အနီးရှိ **နေအိမ် ၂၀** ကျော် မီးလောင်ပျက်စီးခဲ့သည်။

**ဖမ်းဆီးခံရမှုများ**

- ဇွန်လ ၂၉ ရက်နေ့က ရောဂတီတိုင်း၊ ဝါးခယ်မမြို့နယ်ရှိ အမျိုးသားတစ်ဦးကို (Tik Tok)တွင် စစ်ကောင်စီကို ဝေဖန်ခဲ့သည်ဟု ဆိုကာ ဖမ်းဆီးခဲ့ပြီး ကျိုက်လတ်မြို့နယ်တွင် ဇွန် ၂၉ ရက်ကနေ ဇူလိုင် ၃ ရက် အထိ ၅ ရက်အတွင်း PDF များကို ထောက်ပံ့သည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ပါသည်။

**မုဒိမ်းကျင့်ခံရမှု**

- ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ စီးယင်းဒေသ၊ မွှောလ်ပီးရွာမှာ ဇူလိုင် ၅ ရက်နေ့က အသက် ၁၂ နှစ်အရွယ် မိန်းကလေးငယ်ကို စစ်ကောင်စီတပ်သား ၂ ယောက်က မုဒိမ်းကျင့်ခဲ့ပြီး နောက်ထပ် မိန်းကလေး ၂ ယောက်ကိုလည်း မုဒိမ်းကျင့်ဖို့ ကြံစည်ခဲ့သည်ဟု ဒေသခံများထံမှ သိရှိရပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

- မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ နွယ်ရုံကျေးရွာကို ဇူလိုင် ၃ ရက်တွင် စစ်ကောင်စီတပ်က လေကြောင်းသုံး တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ လေးဦးသေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့ပါသည်။ ဇူလိုင် ၄ ရက်နေ့တွင် စဉ့်ကူးမြို့နယ်အတွင်းမှ လက်ပံလှကျေးရွာအုပ်စုကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သောကြောင့် ပြည်သူ ၁၀ ဦးကျော် သေဆုံးခဲ့ပါသည်။

- မန္တလေးတိုင်း၊ မတ္တရာမြို့နယ်အရှေ့ခြမ်းရှိ ရုံပင်ကျေးရွာကို ဇူလိုင် ၇ ရက်တွင် စစ်ကောင်စီမှ လေကြောင်းဖြင့် တိုက်ခိုက်ခဲ့ရာ အမျိုးသမီးတစ်ဦး သေဆုံးပြီး ကလေးနှစ်ဦးအပါအဝင် လေးဦး ဒဏ်ရာရရှိခဲ့ပါသည်။

- ရခိုင်ပြည်နယ်၊ မောင်တောမြို့ပေါ်တွင် တိုက်ပွဲပြင်းထန်နေပြီး ဇူလိုင် ၄ ရက်နေ့တွင် စစ်ကောင်စီက လေကြောင်းမှ ပေါင် ၅၀၀ ဗုံးကြဲချတိုက်ခိုက်သဖြင့် အရပ်သားထိခိုက်သေဆုံးမှုရှိသည်ဟု သိရပါသည်။ သေဆုံးစာရင်း အတိအကျကို မသိရှိရသေးပါ။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့လယ်၌ရှိသော One Love ဟိုတယ်သို့ ဇွန် ၃၀ ရက် ညပိုင်းတွင် စစ်ကောင်စီက လေကြောင်းဖြင့် ဗုံးကြဲခဲ့သောကြောင့် ဟိုတယ်အပါအဝင်အနီးရှိ **နေအိမ် ၂၀** ကျော် မီးလောင်ပျက်စီးခဲ့ပြီး၊ ပြည်သူ ၁ ဦး သေဆုံးခဲ့ပါသည်။ သိန္နီမြို့ပေါ်သို့ စစ်ကောင်စီက ဇူလိုင် ၄ ရက်နေ့တွင် လေကြောင်းမှ ဗုံးကြဲခဲ့သောကြောင့် နေအိမ်အချို့ ပျက်စီးခဲ့ပြီး မိုးမိတ်မြို့၊ ဇူလိုင် ၆ ရက် တိုက်ပွဲအတွင်း စစ်ကောင်စီက ဂျက်ဖိုက်တာဖြင့် ဗုံးကြဲတိုက်ခိုက်ရာ အရပ်သားနှစ်ဦးသေဆုံးခဲ့သည်။

## ဇူလိုင်လ ပထမအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

### တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်းတွင် ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၄၆ ကြိမ် ဖြစ်ပွားခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၁၈ ကြိမ် ဖြစ်ပွားခဲ့သည်။ မန္တလေးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၁ ကြိမ် ဖြစ်ပွားခဲ့သည်။ ရခိုင်ပြည်နယ်တွင် ၉ ကြိမ်၊ ကရင်နီပြည်နယ်တွင် ၃ ကြိမ်နှင့် ပဲခူး၊ ကရင်၊ စစ်ကိုင်း၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ တနင်္သာရီတိုင်းတို့တွင် တိုက်ပွဲ ၁ ကြိမ်စီ ဖြစ်ပွားခဲ့ပါသည်။ ဧရာဝတီတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဇူလိုင်လ ပထမအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၈၀၆ ဦးသေဆုံးခဲ့သည်။ စစ်ကောင်စီတပ်သား သေဆုံးမှု အများဆုံးမှာ ရခိုင်ပြည်နယ်ဖြစ်ပြီး စစ်ကောင်စီတပ်သား ၇၅၀ သေဆုံးခဲ့သည်။ မန္တလေးတိုင်းတွင် စစ်ကောင်စီ တပ်သား ၄၄ ဦးသေဆုံးခဲ့ပြီး ရှမ်းပြည်နယ်တောင်ပိုင်းတွင် စစ်ကောင်စီ တပ်သား ၁၂ ဦး သေဆုံးခဲ့သည်။

ဇူလိုင်လ ပထမအပတ်အတွင်း တိုက်ပွဲများတွင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့ဝင် ၆ ဦး ကျဆုံးခဲ့သည်။

# ၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂)

## MDY-PDF နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- မန္တလေး ပြည်သူ့ကာကွယ်ရေးတပ်မတော်သည် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးရွာ ရဲစခန်းကို ဇူလိုင် ၁ ရက်နှင့် ၂ ရက်နေ့များက တိုက်ခိုက်ခဲ့ကြသည်။
- ပြည်သူ့ကာကွယ်ရေး တပ်မတော် (မန္တလေး) သည် စဥ့်ကူးမြို့နယ်ထဲတွင်ရှိသော စစ်ကောင်စီ တပ်စခန်းခြောက်ခုဖြစ်သည့် ဒိုးနွယ်ရွာ တပ်စခန်း၊ နမ့်ဟပ်ရွာ တပ်စခန်း၊ မာလဲဆည် ရှင်းလင်း ဆောင် တပ်စခန်း ၊ ရွှေမာလဲစေတီ တပ်ခစန်း ၊ ရွာတော်လေး တပ်စခန်း နှင့် နွယ်ရုံ ရဲစခန်းများအား အပြီးသတ် သိမ်းပိုက်နိုင်ခဲ့ပြီး အကြမ်းဖက် စစ်သုံ့ပန်း ၁၃ ဦး အရှင် ဖမ်းမိပါသည်။ အဆိုပါတိုက်ပွဲများ တွင် အကြမ်းဖက်စစ်သား အလောင်းများနှင့် လက်နက်မျိုးစုံ ၄၀ ကျော် သိမ်းဆည်းရရှိတယ်လို့ ပြည်သူ့ကာကွယ်ရေး တပ်မတော် (မန္တလေး) ကဇူလိုင်လ ၃ ရက်နေ့က ထုတ်ပြန်ထားပါသည်။

- မန္တလေးပြည်သူ့ကာကွယ်ရေး တပ်မတော်သည် ဇူလိုင်လ ၄ ရက်နေ့တွင် စစ်ကောင်စီ၏ ပင်လယ်ကြီး စခန်းကို သိမ်းနိုင်ခဲ့ပြီး အဆိုပါတိုက်ပွဲတွင် စစ်ကောင်စီတပ်သား ၃၀ ကျော်သေဆုံးခဲ့ပါသည်။ ဇူလိုင် လ ၄ ရက်တွင်ပင် စဥ့်ကူးမြို့နယ်၊ လက်ပန်လှကျေးရွာ၊ ရွှေပြည်ကျေးရွာတို့မှ ရဲစခန်းများနှင့် စစ်စခန်းများကို သိမ်းပိုက်ရရှိခဲ့ပါသည်။ ထို့အတူမတ္တရာမြို့နယ်အတွင်းမှ မတ္တရာမြို့နယ်၊ ရေနံ့သာ ကျေးရွာရဲစခန်းနှင့် စစ်တပ်စခန်းကို ဇူလိုင်လ ၄ ရက်နေ့က သိမ်းပိုက်ရရှိပါသည်။

## TNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- TNLA နဲ့ ပူးပေါင်းတပ်တွေက ဇွန် ၃၀ ရက်နေ့မှာ မိုးကုတ်မြို့ရှိ စစ်ကောင်စီရဲ့ ရွှေမျက်ဝန်းတပ်စခန်း ကို သိမ်းပိုက်နိုင်ခဲ့ပါသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့နယ်၊ ရွှေအောင်သာ စစ်ကောင်စီတပ်စခန်းကို TNLA ပူးပေါင်း တပ်ဖွဲ့က ဇူလိုင် ၄ ရက်နေ့တွင် သိမ်းပိုက်ခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ် မန္တလေး-လားရှိုး ရထားလမ်းပေါ်ရှိ ကမ္ဘာကျော် ဂုတ်ထိပ် တံတားကို ဇူလိုင် ၅ ရက်တွင် တအာင်း အမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA)နှင့် မဟာမိတ်ပူးပေါင်းအဖွဲ့များက ထိန်းချုပ်ထားနိုင်ခဲ့သည်။

**MNDAA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့အနီးရှိ စစ်စခန်း ၄ ခုကို ဇူလိုင် ၂ နေ့တွင် မြောက်ပိုင်းမဟာမိတ် တပ်များက တစ်ပြိုင်နက်ထိုးစစ်ဆင်နေရာ တိုက်ပွဲပြင်းထန်နေပြီး အရပ်သား ၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

- ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးခရိုင်၊ မိုင်းရယ်မြို့နယ်၊ ဟိုယကျေးရွာအုပ်စုထဲမှာ ကိုးကန့်တပ်ဖွဲ့ (MNDAA)နဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေ ဇူလိုင် ၃ ရက်က ပစ်ခတ်မှု စတင်ဖြစ်ပွားခဲ့ပါသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ နမ့်ပေါင်ရှိ ခလရ -၂၉၁ တပ်ရင်း ဌာနချုပ်ကို MNDAA နှင့် ပူးပေါင်းတပ်များက ဇူလိုင် ၅ ရက်တွင် အပြီးသတ် သိမ်းပိုက်ခဲ့ သည်။ စခန်းသိမ်းပိုက်စဥ် စကစတပ်ဘက်မှအင်အား ၃၀၀ ကျော် MNDAA ထံ လက်နက်ချခဲ့သည်။

- ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ထဲက ရပ်ကွက် (၅) တဝိုက်မှာ ဇူလိုင် ၆ ရက်ကစပြီး စစ်တပ်နဲ့ ကိုးကန့်တပ် (MNDAA) တို့ကြား တိုက်ပွဲပြင်းထန်လျက်ရှိသည်။

**အာရက္ခတပ်တော် စစ်ဆင်ရေး**

- ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီမြို့ရှိ ခမရ-၅၆၆နှင့်သံတွဲလေဆိပ်ကို အာရက္ခတပ်တော် (AA) က ဇူလိုင်လ ၅ ရက်နေ့တွင် အပြီးသတ် သိမ်းပိုက်လိုက်ပါသည်။ သံတွဲဒေသတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်ဖွဲ့ဝင် ၄၀၀ ကျော် သေဆုံးခဲ့သည်။ မောင်တောမြို့နယ်၊ နခခ ၂ နယ်ခြားစောင့်တပ် စခန်းကို ဇူလိုင်လ ၆ ရက်နေ့တွင် အပြီးသတ် သိမ်းပိုက်ရရှိခဲ့ပြီး စစ်သားအလောင်း ၃၅၀ ကျော်နှင့် အတူ လက်နက်ခဲယမ်းအမြောက်အများ သိမ်းဆည်းရရှိခဲ့ပါသည်။

## ဇူလိုင်လ ပထမအပတ်အတွင်း အခြားထိတွေ့တိုက်ပွဲ

- ကရင်နီပြည်နယ်၊ မြို့တော်လွိုင်ကော်အတွင်းတွင် ဇူလိုင်လ ၃ ရက်နေ့မှ ဇူလိုင် ၆ ရက်ထိ တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်တို့ တိုက်ပွဲ တကျော့ပြန် ပြန်လည်ဖြစ်ပွားနေပါသည်။

- ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်မြောက်ပိုင်း ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ ၇ နယ်မြေမှာ ဇူလိုင် ၅ ရက်က စစ်ကောင်စီတပ်နဲ့ KNLA ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။

- ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်အတွင်း စစ်ကြောင်းထိုးလာသည့် စစ်တပ်ကို ဇူလိုင် ၅ ရက်တွင် Ywangan PDF - JPRF ကြားဖြတ်တိုက်ခိုက်ရာ စစ်သား ၁၂ ဦး ထက်မနည်းသေဆုံးပြီး လက်နက်ခဲယမ်းများလည်းသိမ်းဆည်းရရှိခဲ့ပါသည်။

- တနင်္သာရီတိုင်း ရေဖြူမြို့နယ် ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းအနီးမှာရှိတဲ့ လဲရောင်ရွာအနီးမှာ ဇူလိုင်လ ၂ ရက် နေ့က စစ်ကောင်စီတပ်နဲ့ ဒေသကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပြီး PDF တပ်ဖွဲ့ဝင် ငါးဦး ကျဆုံးခဲ့ပါသည်။

**ဇူလိုင်လ ၁ ရက်နေ့မှ ၇ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

| Data of Myanmar Conflict 01-07, July 2024 | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | 6 | | |
| **BAGO** | 1 | | | | 2 | | | |
| **KARENNI** | 3 | | | | | | | |
| **KAYIN** | 1 | | | | | | | |
| **MAGWAY** | | | | | 1 | | | |
| **MANDALAY** | 11 | 44 | | 1 | 7 | 100 | | 12 |
| **RAKHINE** | 9 | 750 | | | | | | |
| **SAGAING** | 1 | | | | 2 | | | |
| **SHAN (North)** | 18 | | 1 | | 26 | | | 20 |
| **SHAN (South)** | 1 | 12 | | | 1 | | 1 | 6 |
| **TANINTHARYI** | 1 | | 5 | | 4 | | | |
| **TOTAL** | **46** | **806** | **6** | **1** | **43** | **106** | **1** | **38** |


Map of Myanmar Conflict ( July 01-07, 2024 )
N
S
E
W
NW
NE
SW
SE
INDIA
CHINA
BANGLADESH
LAOS
THAILAND
Bay of Bengal
Andaman Sea
Myitkyina
Lashio
Hakha
Sagaing
Mandalay
Kengtung
Taunggyi
Sittwe
Magway
Nay Pyi Taw
Loikaw
Pyay
Bago
Pathein
Yangon
Hpa-An
Mawlamyine
Dawei

## ဇူလိုင်လ ပထမအပတ်အတွင်း အခြားသိမှတ်ဖွယ်သတင်းများ

## စစ်ကောင်စီနှင့် နိုင်ငံတကာဆက်ဆံရေး

### BIMSTEC အစည်းအဝေးသို့ အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင် တက်ရောက်မည်

ထိုင်းနိုင်ငံတွင် ကျင်းပမည့် ဘင်္ဂလားပင်လယ်အော် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့အစည်း (BIMSTEC)၏ (၅) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ မြန်မာစစ်ခေါင်းဆောင် မင်းအောင်လှိုင် တက်ရောက်လိမ့်မည်ဖြစ်ကြောင်း သိရသည်။ စက်တင်ဘာ အစောပိုင်းတွင် ပြုလုပ်မည့် အဆိုပါ ထိပ်သီးအစည်းအဝေးသို့ အခြားသော နိုင်ငံများဖြစ်သော အိန္ဒိယ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါနှင့် သီရိလင်္ကာတို့မှ ခေါင်းဆောင်များကလည်း ၎င်းတို့ ပါဝင်တက်ရောက်မည်ဖြစ်သည်။ ယခင်နှစ်က ရွှေ့ဆိုင်းခဲ့ရသည့် ယခု အစည်းအဝေးသည် "ကြံ့ကြံ့ခိုင်သော ဒေသ၊ စည်ပင်ထွန်းကားသော စီးပွားရေး၊ ကျန်းမာသော ပြည်သူများ" ဆိုသည့် အာဘော်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### တရုတ်-မြန်မာ အေးအတူ ပူအမျှ အသိုက်အဝန်း ထူထောင်ရန် စစ်ခေါင်းဆောင်ပြော

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်ဟိုင်က ဇူလိုင်လ ၄ ရက်တွင် နေပြည်တော်၌ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် သွားရောက် တွေ့ဆုံခဲ့ရာ တရုတ်-မြန်မာအေးအတူပူအမျှ အသိုက်အဝန်းထူထောင်ကြရန် စစ်ခေါင်းဆောင်က ပြောဆိုခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ထုတ်ပြန်သည်။ တရုတ်သံအမတ် မစ္စတာချန်ဟိုင်သည် မြန်မာနိုင်ငံတွင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာခါနီး စစ်ခေါင်းဆောင်အား သွားရောက် နှုတ်ဆက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့တွေ့ဆုံရာတွင် စစ်ခေါင်းဆောင်က သံအမတ်ကြီး တာဝန်ထမ်းဆောင်သည့် ကာလအတွင်း တရုတ်-မြန်မာဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းမှုများကို အပြုသဘောဆောင် ချီးကျူးခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရန် အလွန်အလေးထားကြောင်း၊ တရုတ်နိုင်ငံနှင့်အတူ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်နက်ရှိုင်းလာစေရန် ဆောင်ရွက်ပြီး မြန်မာ-တရုတ် အေးအတူ ပူအမျှ အသိုက်အဝန်းကို အတူတကွ တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း ငြိမ်းချမ်းမှု ရရှိရေးအတွက် ကြိုးစားဆောင်ရွက်နေရာတွင် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမှုများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှု စသည်တို့ကို ဆွေးနွေးခဲ့ကြောင်းလည်း သိရသည်။

## ဒုစစ်ခေါင်းဆောင်နှင့် တရုတ်နိုင်ငံရေး အတိုင်ပင်ခံကွန်ယက် ဥက္ကဌတို့ ဆွေးနွေး

ဇူလိုင် ၈ ရက်တွင်ကျင်းပမည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ စိမ်းလန်းသော ဖွံ့ဖြိုးမှုဖိုရမ် (SCO) တက်ရောက်ရန် ရောက်ရှိနေသည့် ဒုစစ်ခေါင်းဆောင်နှင့် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စရှန်ယွဲ့ယွဲ့တို့ တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ဖြစ်ပေါ်နေသည့်အခြေအနေများအပါအဝင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ကို အခြေခံ၍ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး တိုးတက်အောင် ဆောင်ရွက်သည့် အခြေအနေ၊ နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးနှင့် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းမှုတိုးမြှင့်ရေးတို့ ဆွေးနွေးခဲ့ကြောင်း စစ်ကောင်စီ ထုတ်ပြန်ချက်၌ ပါရှိသည်။ ထို့ပြင် တရားမဝင်နယ်စပ်ဖြတ်ကျော်မှု၊ အွန်လိုင်းလောင်းကစားများ ပပျောက်ရေးနှင့် မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ နှစ်နိုင်ငံ သတင်းအချက်အလက် ဖလှယ်ရယူရေးဆိုင်ရာ ကိစ္စရပ်များလည်း ဆွေးနွေးခဲ့ကြသည်။အာဏာသိမ်းပြီးနောက် စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်များ တရုတ်နိုင်ငံသို့ သွားရောက်သည့် ပထမဆုံးခရီးစဉ်ဖြစ်သလို လက်ရှိ ရှမ်းမြောက်ဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် ပတ်သက်၍လည်း တရုတ်အစိုးရတာဝန်ရှိသူများနှင့် သီးခြားဆွေးနွေးမှုများရှိလာနိုင်ကြောင်း လေ့လာသုံးသပ်သူများက ဆိုကြသည်။

## စီးပွားရေးလုပ်ငန်းရှင်များအပေါ် ဖိနှိပ်မှုများ

## AYA၊ UAB၊ ရိုးမဘဏ် အပါအဝင် ၇ ဘဏ် အရေးယူမည်ဟု စစ်ကောင်စီ ကြေညာ

ယူနိုက်တက်အမရာဘဏ် (UAB) နှင့် ဧရာဝတီဘဏ်၊ ရိုးမဘဏ်အပါအဝင် ဘဏ် ၇ ခုမှ တာဝန်ရှိသူများအား ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မဖြင့် အရေးယူမည်ဟု စစ်ကောင်စီက ကြေညာသည်။ အဆိုပါဘဏ်များအပြင် မြန်မာနိုင်ငံသားများဘဏ်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာမက်ထရိုဘဏ်နှင့် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး ဘဏ်တို့လည်း ပါဝင်သည်။ ထိုဘဏ် ၇ ခုသည် ဗဟိုဘဏ်သတ်မှတ်ချက်များကို ကျော်လွန်ကာ အိမ်ရာ ချေးငွေ ထုတ်ချေးထားသည်ကို စိစစ်တွေ့ရှိရသည့်အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၅၄ အရ ဥပဒေနှင့်အညီ ထိရောက်သော ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များအား ကြီးကြပ် ကွပ်ကဲရန်အားနည်းခဲ့သော ဗဟိုဘဏ်တာဝန်ရှိသူများကိုလည်း အရေးယူသွားမည်ဟု သိရသည်။ ရိုးမဘဏ်မှာ ဗဟိုဘဏ်သတ်မှတ်နှုန်းထက် ၁၁ ရာခိုင်နှုန်း ကျော်လွန်ထုတ်ချေးထားကြောင်း၊ မြန်မာနိုင်ငံသားများဘဏ်မှာ ၈ ဒသမ ၉၄ ရာ ခိုင်နှုန်း၊ AYA မှာ ၁ ဒသမ ၉၆ ရာခိုင်နှုန်း၊ အသေးစား အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်မှာ ၁ ဒသမ ၀၁ ရာခိုင်နှုန်း၊ UAB မှာ ၃ ဒသမ ၃၈ ရာခိုင်နှုန်း၊ မြန်မာမက်ထရိုမှာ ၀ ဒသမ ၃၉၊ ဆောက်လုပ်ရေး

အိမ်ရာနှင့် အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးဘဏ်မှာ ၁၆ ဒသမ ၃၄ ရာခိုင်နှုန်းဖြင့် ကျော်လွန်ထုတ်ချေးထား ကြကြောင်း ဖော်ပြထားသည်။ထိုအရေးယူမည့်ဘဏ်စာရင်းတွင် ဦးအောင်ကိုဝင်း၏ ကမ္ဘောဇ (KBZ) ဘဏ် နှင့် ဦးခင်မောင်အေး ပိုင်ဆိုင်သော CB ဘဏ် တို့ မပါဝင်ကြောင်း သိရသည်။

**ဆန်သိုလှောင်ရုံ မှတ်ပုံမတင်သူများကို အရေးယူမည်ဟု စစ်ကောင်စီ ဆို**

ဆန်တန်ချိန် ၅၀ သို့မဟုတ် ၅၀၀ နှင့်အထက် သိုလှောင်သူများအနေဖြင့် မိမိတို့၏ သိုလှောင်ရုံများကို မဖြစ်မနေ မှတ်ပုံတင် ဆောင်ရွက်ရန် စစ်ကောင်စီ လက်အောက်ခံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက အသိပေးသည်။ ပြည်တွင်း ဆန်စပါး ဖူလုံရေး၊ ပြည်ပသို့ စနစ်တကျ တင်ပို့ရောင်းချနိုင် ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ် မှန်ကန်စေရေး၊ ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ် တကျ စာရင်းပြုစု မှတ်ပုံတင်နိုင်ရေး၊ သိုလှောင်ရုံ ကုန်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှု စနစ် ဖော်ဆောင်နိုင်ရေး လုပ်ကိုင် ဆောင်ရွက်လျက်ရှိသောကြောင့် ဆန်စပါးသိုလှောင်ရုံလုပ်ငန်းများ အနေဖြင့် Online Registration ပြုလုပ်ရန် လိုကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ မြေပြင်ကွင်းဆင်းစစ်ဆေး၍ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊ တင်ပြချက်များနှင့် ကိုက်ညီမှုမရှိခြင်းကို တွေ့ရှိပါက အရေးယူဆောင်ရွက် နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သတိပေးထားသည်။

**ကိုးကား - Myanmar Now, The Irrawaddy, PVTV, DVB, BBC, RFA, Mizzima, Ayeyarwaddy Times,**

**Myanmar Pressphoto Agency, D Day News**